## ကုမ္ပဏီမှတ်ပုံတင်ကြေးများလျှော့ချသတ်မှတ်မည်ဖြစ်ကြောင်းအသိပေးကြေညာခြင်း

၁။ နိုင်ငံသားများအနေဖြင့် စီးပွားရေးလုပ်ငန်းများလုပ်ကိုင်ရာတွင် ကုမ္ပဏီအဖြစ် ထူထောင်ဆောင်ရွက်ခြင်းကို လွယ်ကူသက်သာစွာ ဆောင်ရွက်နိုင်စေရေးအတွက် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသည် အများနှင့်မသက်ဆိုင်သော ကုမ္ပဏီမှတ်ပုံတင်ကြေးအား၂၀၁၆ခုနှစ် ဇွန်လ ၁ ရက်နေ့မှ စတင်ကာ ယခင် ကျပ်တစ်ဆယ်သိန်း ကောက်ခံရာမှကျပ်ငါးသိန်းသို့လျှော့ချသတ်မှတ်ပေးခဲ့ပါသည်။

၂။ နိုင်ငံတော်အစိုးရအနေဖြင့်လည်း နိုင်ငံသားများကုမ္ပဏီထူထောင်၍ စီးပွားရေးလုပ်ငန်းဆောင်ရွက်ခြင်း ကိုပိုမိုလွယ်ကူရှင်းလင်းစွာ ဆောင်ရွက်နိုင်စေရေး၊ ကုမ္ပဏီလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အသေးစား နှင့်အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးကို ဦးတည်ကာ နှစ်တစ်ရာကျော်ခန့် သက်တမ်းရှိခဲ့သည့် မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေကို ခေတ်နှင့် အညီပြန်လည် ပြင်ဆင်ရေး ဆွဲ၍လွှတ်တော်အသီးသီးသို့တင်ပြခဲ့ပြီး၂၀၁၇ခုနှစ်ဒီဇင်ဘာလ၆ရက်နေ့တွင်မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ အဖြစ်ပြည်ထောင်စုလွှတ်တော်က အတည်ပြုပြဋ္ဌာန်းပေးခဲ့ပြီး ဖြစ်ပါသည်။

၃။ ယခုအခါ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနသည် မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေအား ကျင့်သုံးဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည့်စည်းမျဉ်းများရေးဆွဲခြင်း၊ အမိန့်ကြော်ငြာစာများ ထုတ်ပြန်ကြေညာရန် ဆောင်ရွက်ခြင်း၊ ဥပဒေအားအများပြည်သူ ကျယ်ပြန့်စွာ သိရှိနိုင်ရန် ဆောင်ရွက်ခြင်းတို့အပြင်ကုမ္ပဏီမှတ်ပုံတင်ခြင်း၊ပြန်တမ်းများပေးပို့ခြင်း၊ကုမ္ပဏီမှတ်ပုံတင်ရုံးနှင့်ဆက်သွယ်ဆောင်ရွက်ခြင်းတို့ကိုအီလက်ထရောနစ်စနစ်ဖြင့်ပိုမိုလျင်မြန်ချောမွေ့စွာဆောင်ရွက်နိုင်ရေးအတွက်စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏လမ်းညွှန်ကြီးကြပ်မှုဖြင့်လိုအပ်သည်များပြင်ဆင်ဆောင်ရွက်လျက်ရှိရာမြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေသစ်ကို၂၀၁၈ခုနှစ်ဩဂုတ်လ၁ရက်နေ့မှစတင်၍ကျင့်သုံးဆောင်ရွက်နိုင်တော့မည်ဖြစ်ပါသည်။

၄။ ဤသို့လိုအပ်သည့် ပြင်ဆင်မှုများဆောင်ရွက်လျက်ရှိသည်နှင့်အညီ ကုမ္ပဏီမှတ်ပုံတင်ခြင်း လုပ်ငန်းများကိုနိုင်ငံသားလုပ်ငန်းရှင်များပိုမိုသက်သာစွာဆောင်ရွက်နိုင်စေရေး၊ အသေးစားအလတ်စားစီးပွားရေးလုပ်ငန်းများပိုမိုဖွံ့ဖြိုးတိုးတက်စေရေးနှင့် မှတ်ပုံတင်ခြင်းမပြုသေးဘဲ ဆောင်ရွက်နေသည့် စီးပွားရေးလုပ်ငန်းများ ကုမ္ပဏီအဖြစ်ပြောင်းလဲထူထောင်၍ လုပ်ငန်းများချဲ့ထွင်နိုင်စေရေးကို ဦးတည်ကာလက်ရှိ သတ်မှတ် ထားသည့်အများနှင့် မသက်ဆိုင်သည့် ကုမ္ပဏီများအတွက် မှတ်ပုံတင်ကြေးအား ၂၀၁၈ ခုနှစ် ဧပြီလ ၁ ရက်နေ့မှ စတင်ကာ လက်ရှိ ကျပ်ငါးသိန်း သတ်မှတ်ထားရာမှ ကျပ်နှစ်သိန်းခွဲသို့ လျှော့ချပြင်ဆင်သတ်မှတ်သွားမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

**ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန**